**ရှမ်းပြည်မြောက်ပိုင်း ရှိ နမ္မတူမြစ်ပေါ် တည်ဆောက်မည့် ရေကာတာများကို ရပ်တန့်ရန် အတွက် ဒေသခံရွာသူရွာသား ၄၀၀ ကျော် စုဝေးတောင်းဆို**

မတ်လ ၂၂ ရက် ၂၀၁၇

မတ်လ ၂၁ ရက်နေ့ ၂၀၁၇ ခုနှစ်တွင် ဒေသခံရွာသူရွာသားများ အင်အား ၄၀၀ ကျော် စုဝေးပြီး ရေအရင်း အမြစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နမ္မတူမြစ်ပေါ်တွင်တည်ဆောက်မည့် ရေကာတာများကို ရပ်တန့်ရန် တောင်းဆိုမှု နှင့် ဆုတောင်းမှုများ ပြုလုပ်ခဲ့ သည်။

နံက်ပိုင်း ၉ နာရီ အချိန်ကနေ ၁၁ နာရီ ထိ တာတေ ရွာသူရွာသားများ၊ တာလုံရွာသူရွာသားများ နှင့် သီပေါမြို့တစ်ဝိုက်ရှိ ဒေသခံရွာသူရွာသားများ အပါအဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) ၏ အဖွဲ့ဝင် နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) အဖွဲ့ဝင် တို့ သည် သီပေါမြို့နယ် မြောက်ဘက် ရှိ တာတေ ကျေးရွာ၏ မြစ်ကမ်းပါးပေါ်တွင် စုဝေးပြီး အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများ နေ့ကို အသိအမှတ်ပြု ကျင်းပခဲ့သည်။

နမ္မတူမြစ်ကြောင်းတစ်လျောက်တွင် ရေကာတာ လေးခု တည်ဆောက်ဖို့ အတွက် စီစဉ်ထားခြင်းခံ ရ မှုက လူမှု အဖွဲ့အစည်းများကို တုန်လှုပ်စေခဲ့သည်။ သဘာဝမြစ်ချောင်းစီးဆင်းမှုသည်လည်း ရေမြေ အ နေထားအလိုက်ပြောင်းလဲ နိုင်သည်။ ဒီမြစ်ချောင်းပေါ်တွင် အထက်ရဲရွာ ရေကာတာတစ်ခု တည်ဆောက် လျက်ရှိပြီး တရုတ်၊ ဂျာမနီ၊ ဆွစ်ဇလန် ကုမ္ပဏီ များက အရင်းအနှီးမြှုပ်နှံထားသည်။ ထိုမြစ်ကြောင်း တစ်လျောက်တွင် မကြာခဏ စစ်ရေးပဋိပက္ခ များဖြစ်ပွား သည့်နေရာလည်းဖြစ်သည်။

အထက်ရဲရွာ ရေကာတာသည် ဝမ်တာလုံ ကျေးရွာ လုံးလုံးနစ်မြုပ်နိုင်ပြီး ထိုရွာတွင် လူဦးရေပေါင်း ၆၅၀ မိုတင်းနေထိုင် လျှက်ရှိသည်။ ထိုနေရာသည် ရှေးဟောင်းသမိုင်းဝင်နေရာလည်းဖြစ်ပြီး စိုက်ပျိုးရန်အတွက် မြေသြဇာ ကောင်းသောနေရာလည်းဖြစ်သဖြင့် သားစဉ်မြေးဆက်အတွက် လက်ဆင့်ကမ်းအမွေဆက်ခံခဲ့ သည့်နေ ရာလည်း ဖြစ်ခဲ့သည်။

နမ္မတူမြစ်သည် ကျောက်ကြီး လျှောင်ကြောတစ်လျောက် တွင် စီးဆင်းနေပြီး ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသောလျှောင်ကြောနေရာဖြစ်သည်ဟု သမိုင်းရှိခဲ့သည်။ လျှောင်ကြော သည် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချို မြို့နယ်၊ ကျောက်မဲ ခရိုင် ကိုဖြတ်သည့် လျှောင်ကြောနေရာဖြစ်သည်။ ထိုနေရာကို မီဂါဝပ် ၇၀၀ ထွက်မည့် အလယ်ရဲရွာရေကာတာအား နော်ဝေ မှ တည်ဆောက်ဖို့ စီစဉ်လျက်ရှိသည်။

'အစိုးရက ဒေသခံပြည်သူလူထုများရဲ့ အသံကိုနားထောင်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရဟာ ပြည်သူတို့ ရွေးချယ်တင်မြောက်လိုက်တဲ့အစိုးရဖြစ်တယ်လေ။ ဒေသခံပြည်သူလူထုများကန့်ကွက် နေတဲ့ နမ္မတူမြစ်ချောင်းပေါ် မှာ ရေကာတာလုပ်ဆောင်ဖို့ မပြုလုပ်သင့်ဘူး' ဟု နန်းလောဝ်ခမ်း ကပြောဆို သည်။ သူမသည် တာလုံကျေးရွာဒေသခံဖြစ်ပြီး ရေထဲနစ်မြုပ်မည့် ရွာတွင် နေထိုင်နေသူ ဖြစ်သည်။သူသည် ဤအခမ်းနားကိုစီစဉ်ကျင်းပ သူတစ်ဦးလည်းဖြစ်သည်။

နမ္မတူမြစ်ကို လွတ်လပ်စွာ စီးဆင်းစေရေး ဆုတောင်းပွဲအခမ်းအနားတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် ၏ ပါတီအဖွဲ့ဝင်များက  ဒေသခံပြည်သူလူထုများဘက်တွင်ရပ်တည်ခဲ့သည်ဟု ဆိုသည်။

'ကျတော်တို့ ဟာပြည်သူလူထု၏ ဆန္ဒသဘောထားဘက်မားမားရပ်တည်ပြီး ကျွန်ုပ်တို့ မြစ်ချောင်းကိုကာကွယ်သွားမယ်' ဟု ဒေသခံနိုင်ငံရေးပါတီအဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။

ဆက်သွယ်ရန်

စိုင်းထမ်းအိုက်		+၉၅ (၀) ၉၇၁၈-၇၉၉-၈၂

နန်းလောဝ်ခမ်း		+၉၅ (၀) ၉၂၆၂-၁၀၈-၀၆၂